# ကျေးလက်ဒေသဆင်းရဲမှုသံသရာကိုတိုက်ဖျက်နိုင်ရေးလယ်ယာကဏ္ဍ လူမှုစီးပွားဘဝမြှင့်တင်ပေး

ညွှန့်ဝေမောင်(ငါးဦးစီး)

“ ဘယ်လိုလုပ်မလဲ ဒီလိုအမြဲတမ်းရေကြီးရေလျှံဖြစ်နေရင် စပါးကစိုက်ပြီးလိုက် ရေကကြီး လိုက်နဲ့ စိုက်သမျှလဲပျက်ကုန်ပြီ။ ကြီးလည်းခဏ (၂)ရက် (၃)ရက်ဆိုရင်ပြန်ကျမယ်ဆိုတဲ့ ရှင့်မျှော်လင့်ချက်ကလည်း (၂)နှစ် (၃)နှစ်ရှိပြီ။ ရေကလည်းပြန်မကျ၊ စိုက်ပြီးသမျှလယ်တွေကလည်း ရေမြုပ်နေပြီလေ” ဟု မျက်ရည်လည်ရွဲနှင့် နန်းခင်မုံ၏ပြောသမျှကို စောထွန်းအုံတစ်ယောက် ခေါင်းငိုက်စိုက်ခံနေရသည်။ ကရင်ပြည်နယ်တွင် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ လှိုင်းဘွဲ့မြစ်တို့ ရေကြီးရေလျှံဖြစ်တိုင်း တစ်ပြည်နယ်လုံး ရေကြီး ရေလျှံဖြစ်သည်။ အထူးသဖြင့် မြစ်၊ ချောင်းနီးသော ကျေးရွာများတွင် ရေကြီး ရေလျှံဖြစ်ပါက စိုက်ပြီးလယ်မြေများကိုပါ ရေလွှမ်းလေ့ရှိသည်။



ရေကြီး ရေလျှံဖြစ်တော့ မြစ်၊ ချောင်းထဲကပါလာသော နုန်းမြေများကလယ်မြေကို မြေဩဇာခါတ်ပေးသည်။ အထူးသဖြင့် နုံးသွင်းမြောင်းများမှ နုန်းများဝင်လာခြင်းကိုလယ်သမားများ ဝမ်းသာကြသည်။ စပါးခင်းများက ညွှတ်နေအောင်သီးသည်။ ယခုဆိုလျှင် ကရင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် နုန်းသွင်းမြောင်းတွေလည်းတူးဖော်ထားသည်။ နှစ်စဉ်ရေကြီးရေလျှံဖြစ်ချိန်တွင် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးစေရန် ရေသွင်း ရေထုတ်မြောင်းများကိုလည်း ပေသောင်းချီ၍ တူးဖော်ထားသည်။

မိုင်အားဖြင့် (၁၀)မိုင် (၁၅)မိုင် အရှည်အထိ တူးထားသည်များလည်းရှိသည်။ ဒီနှစ်လည်းမြောင်းရှည်တူးပြီးဖြစ်၍ ရေကြီးမှုဒဏ်ကိုခံရလျှင်လည်း ခဏဘဲဖြစ်မည်ဟု စောထွန်းအုံကတွက်ထားသည်။ ဟိုတစ်ခါ ဇာသပြင်ချောင်းမှစ၍ ဘုရားကုန်းကျေးရွာအနီးရှိ ငါးပြေမတောင်အထိ ရေနုတ်မြောင်း ပေနှစ်သောင်းနှစ်ထောင်ကျော် တူးထားသဖြင့် စောထွန်းအုံတို့ ကော့ကဒါရွာအနီးရှိ လယ်မြေများတွင် ရေကြီးရေလျှံမှု ခဏတာဘဲဖြစ်မည်ဟု မှန်းဆထားသည်။ အောင်ရေလိုလျှင်လည်း ဒီမြောင်းက ရေသွယ်၍သွင်းနိုင်ပြီဟုတွက်ထားသည်။ ယခုရေကြီး နေတာ(၃)ရက်လောက်ရှိနေပေမဲ့ ရေကကျရိပ်မပြ၍ ခင်မုံပြောလည်းပြောစရာဖြစ်နေသည်။ ပြည်နယ်အစိုးရ ကရေနုတ်မြောင်းပြီးစီးပြီမို့ ရေစောစောကျလျှင် စိုက်ပြီးလယ်များပြင်ဆင်စရာရှိလည်း အနည်းငယ်ဘဲရှိ မည်ဟုတွက်ထားသည်။

ဒီနှစ်မှမိုးက ထူးထူးခြားခြားကောင်းနေသည်။ နေ့စဉ်ညစဉ်လိုလိုမိုးရွာနေသည်။ မြစ်ရေတက်ရက်မဟုတ်သည်တိုင်ရေကတက်နေသည်။ ရေကျသွားလိမ့်မည်ဟု မျှော်လင့်ထားသည့်ရက်တွင်ရေကမကျဘဲဖြစ်နေသည်။ ရေနုတ်မြောင်းမတူးဖော်မီက ကံကိုသာအားကိုး၍ စိုက်ပျိုးခဲ့ရသည်။ ရေကြီးရေလျှံဖြစ်၍ စပါးခင်းများပျက်စီးသွားလျှင် ပြန်စိုက်ဖို့အရင်းအနှီးကမရှိ။ မျိုးစပါးကမရှိ။ မြေဩဇာကမလိုက်နိုင်။

ပြန်ထွန်ယက်စိုက်ပြန်တော့အောင်ရေရဖို့ခက်။ ဆင်းရဲတွင်းသံသရာက ရုန်းထွက်ဖို့ခက်လှချေသည် တကား။

ယခုတော့အရင်ကလို စိုးရိမ်ဖို့မလို။ ရေသွင်း ရေထုတ်မြောင်းများတူးထား၍ ရေကြီး ရေလျှံ ဖြစ်လျှင်လည်းရက်ပိုင်းသာဖြစ်သည်။ စောထွန်းအုံတွက်ဆထားသည့်အတိုင်း မိုးပြတ်သွားတော့ ရေက တဖြည်းဖြည်းကျလာသည်။ လယ်ကွင်းများရေနစ်မြုပ်မှုမှကင်းလွတ်သွားသည်။ စောထွန်းအုံတို့လယ် (၁၀) ဧကကျော်တွင် (၂)ဧကခန့်သာရေကျန်သေးသည်။ မြေနိမ့်ပိုင်းဖြစ်၍ နည်းနည်းပါးပါးကျန်နေ ခြင်းဖြစ်သည်။

“ ဟေ့ခင်မှူ - ရေကျသွားပါပြီဟ။ ရေမြုပ်တဲ့ရက်(၂)ရက်လောက်ဘဲဆိုတော့ အပင်တွေ လည်းမသေဘူး။ မြေနည်းနည်းလိုက်ဆွလိုက်ရင် အားလုံးအဆင်ပြေသွားမှာဘဲ။ နောက်ပြီးစိုက်ပျိုးရေးဦးစီး ဌာနက စပါး ပင်တွေသေရင်လည်း ပြန်စိုက်ဖို့မျိုးရော၊ စပါးတွေမှာထည့်ဖို့ မြေဩဇာရောအလကား ဖြန့်ဝေဖို့စီစဉ် နေပြီဟ”ဟုစောထွန်းအုံကဇနီးသည် နန်းခင်မှူကိုပြောလိုက်သည်။

“ဟုတ်တယ်တော့၊ ရှင်ပြောတာမှန်သွားပြီ။ ပြည်နယ်အစိုးရအစီအစဉ်နဲ့ ရေသွင်း ရေနုတ်မြောင်း လုပ်ပေးလိုက်တဲ့ ကျေးဇူးပါတော်” ဟု နန်းခင်မှူကပြန်ပြောသည်။

ကျေးရွာအုပ်စုရှိလယ်သမားအားလုံးစုံညီစွာတက်ရောက်ကြသည်။ ရေကြီးရေလျှံဖြစ်၍ ရေနစ်မြုပ်ခဲ့ သော လယ်ပိုင်ရှင်များ၊ အခြားလယ်သမားများလည်း တက်ရောက်ကြသည်။ ပြည်နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ အရာရှိကြီးများလည်းပါဝင်သည်။ ရေမြုပ်လယ်မြေများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး မည့် အစည်းအဝေးဖြစ်သည်။

“ခင်ဗျားတို့ကျေးရွာကလယ်သမားတွေ ရေကြီးရေမြုပ်ဖြစ်လို့စပါးမျိုးလိုလျှင် မျိုးစပါးတွေပေးမှာဖြစ် လို့ ကွင်းဆင်းကြည့်ရှုတာဘဲဖြစ်ပါတယ်။ တစ်ချို့ကအရံပျိုးခင်းတွေရှိလို့ ရက်မလွန်သေးရင် အဲဒီမျိုး တွေနဲ့မြန်မြန်ပြန်စိုက်နိုင်အောင်လုပ်ကြပါ။ မြေဩဇာလိုအပ်ချက်တွေရှိရင်လည်းပေးပါမယ်။ အရေးပေါ် ထွန်ယက်ဖို့လိုလျှင်လည်း စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်တွေ အဆင်သင့်စောင့်နေကြပါတယ်။ လက်တွန်း ထွန်စက်လိုချင်ရင်လည်း အရစ်ကျစနစ်နဲ့ဝယ်လို့ရအောင်စီစဉ်ထားပါတယ်။ သမဝါယမဦးစီး ဌာန၊ စက်မှု လယ်ယာဦးစီးဌာနတို့နဲ့ ချိတ်ဆက်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဌာနဆိုင်ရာတာဝန်ရှိသူ များလည်း အားလုံးပါကြပါတယ်။ ဒီနှစ်ကရင်ပြည်နယ်ရေကြီးရေလျှံဖြစ်တယ်ဆိုပေမဲ့ လိုအပ်တဲ့နေရာ တွေမှာ ရေသွင်း/ ထုတ်မြောင်းတွေ၊ နှုံးသွင်းမြောင်းတွေတူးဖော်ထားပြီးဖြစ်လို့ နေရာတစ်ချို့မှာဘဲ စပါး ခင်းတွေနစ်မြုပ်ခဲ့တာ။ ရက်ပိုင်းအတွင်းမှာဘဲရေပြန်ကျသွားလို့။ တစ်ချို့လယ်တွေရေမြုပ်ချိန် မကြာ တဲ့အတွက် မပျက်စီးပါဘူး။ နည်းနည်းပါးပါးပြင်ဆင်ပေးရုံနဲ့ဘဲ မူလစပါးထွက်အတိုင်းရရှိမှာပါ။ မြေဩ ဇာလိုအပ်ချက်ရှိလျှင် ပြောပါ။ ကျွန်တော်တို့ဌာနက ထောက်ပံ့နိုင်သမျှ ထောက်ပံ့ပါမယ်။ ပြည်နယ် အစိုးရကလည်း လိုအပ်တာ ရှိရင်အားမနာတမ်းတင်ပြပါ။ ဘာမှကြောက်ရွံ့မနေဘဲ လိုအပ်ချက် ရှိတာကို သာ တင်ပြကြဖို့လိုပါတယ်ဆိုပြီး ညွှန်ကြားထားပါတယ်”ဟုစိုက်ပျိုးရေးဌာနမှူးမှရှင်းပြသည်။ ကျေးရွာ နေပြည်သူများမှ မိမိတို့လိုအပ်ချက် များကို ကျေးရွာအုပ်ချုပ်ရေးမှူးထံစုစည်းတင်ပြထားသည်။

စောထွန်းအုံနှင့် နန်းခင်မှူတို့လည်းလယ်(၂)ဧကခန့် ရေမြုပ်နေမှုတွင်ဧကဝက်ခန့်သာ ပြန်စိုက်ဖို့လို သည်။ ကျန်ဧကများမှာ ပေါင်းသင်မြေဆွ၊ မြေဩဇာကျွေးလိုက်ရုံနှင့် ပုံမှန်ပြန်ဖြစ်သွားသည်။ ပြည်နယ် အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် စိုက်ပျိုးရေးဌာနမှထောက်ပံ့ပေးသော မြေဩဇာလည်းရရှိ၍ စပါးခင်းများက မဲမှောင်နေအောင်အပင်များ ကြည့်ကောင်းလှသည်။ ယခင်ကရေမြုပ်ပြီဆိုလျှင် မစဉ်းစားနဲ့တော့။ မျိုး

စပါးပေးမည့်သူလည်းမရှိ။ မြေသြဇာထောက်ပံ့မှုလည်းမရှိ။ လှည့်ကြည့်မည့်သူတောင် မရှိဟုပြော ချင်သည်။

ယခုတော့ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ နှုံးသွင်းမြောင်းများတူးဖော်ပေးခြင်း၊ အောင်ရေ ရရှိရေး မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပေးခြင်း ရေကြီး ရေလျှံဖြစ်သည်နှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ လိုက်လံကြည့်ရှုစစ်ဆေးခြင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ထွန်ယက်ရန်၊ ပျိုးထောင်ရန်၊ မြေသြဇာထည့်ရန် အားလုံးစီစဉ်ပေးခြင်းတို့ကြောင့် စောထွန်းအုံတို့မိသားစု ပျော်မဆုံးဖြစ်နေသည်။

“ကိုထွန်းအုံရယ်၊ မိုးဦးကျစ ရေကြီး ရေလျှံဖြစ်တော့ လယ်တွေတော့ရေမြုပ်ကုန်ပါပြီ ဆိုပြီး စိတ်ဆင်းရဲလိုက်ရတာ။ အရင်တို့ ရေသွင်း/ထုတ်မြောင်းတွေလည်းမရှိ၊ ရေကလည်း တော်တော် နဲ့ပြန် မကျတတ်လို့ အတော်စိတ်ပူသွားခဲ့တာ။ ပြန်စိုက်ပျိုးဖို့၊ မြေသြဇာသုံးဖို့ဆိုတာလည်း မလွယ်ဘူးလေ။ ခုတော့လည်းပြည်နယ်အစိုးရအဖွဲ့နဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့က ဝိုင်းကူပေးလို့ ကျုပ်တို့လယ်တွေ စိမ်းညို့ နေတာပဲ တော်” ဟု ခင်မှုံကဝမ်းသာအားရပြောသည်။

လေအသုတ်တွင် စပါးပင်ပျိုများမှ လှိုင်းထသွားသည်။ မွှေးမြမြစပါးနံ့ကသင်းနေသည်။ နက်မှောင် စိမ်းညို့နေသောလယ်ကွင်းပြင်ကိုကြည့်ရင်း ရင်းတွင်း၌ပီတိဖြာနေမိသည်။ ဟိုယခင်ကနယ်မြေမအေးချမ်းခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် ဆင်းရဲတွင်းနက်ခဲ့ရပုံများကို ပြန်တွေးနေရင်းမှ ယခုတော့ ယခင်ကလိုမဟုတ်ပြီ။

စိမ်းညို့နေသော လယ်ကွင်းထဲရှိ စပါးခင်းများမှ ဝင်းမှည့်လာမည့်အချိန်၊ စပါးသိမ်းပြီးလို့ ငွေစရှင်သည်နှင့် သားတော်မောင် စောဖိုးခွားကို ရှင်ပြုပေးရမည့်အချိန်တို့ကို မျှော်တွေးကြည်နူးနိုင်ခဲ့ပြီ။ လယ်ကွင်းတစ်လျှောက်မျှော်ကြည့်ရသော စောထွန်းအုံ၏မျက်နှာတွင်လည်း နန်းခင်မှုံကဲ့သို့ပင် တွေးနေလိမ့်မည်ထင်ပါသည်။ မည်သို့ပင်ဆိုစေ အခြေခံကျေးလက်နေတောင်သူ လယ်သမားတို့၏ဆင်းရဲတွင်းမှ ရုံးထွက်နိုင်ခဲ့ပြီ။ နိုင်ငံတော်၏ဘက်ပေါင်းစုံမှ လူမှုစီးပွားမြင့်တင်မှုများသည် ကော့ကဒါကျေးရွာမှ စောထွန်းအုံနှင့် နန်းခင်မှုံကဲ့သို့သော လယ်သမားမိသားစုများကို လူမှုစီးပွားတိုးပွားလာစေမည်မှာ အမှန်ပင်ဖြစ်ကြောင်းတွေးထင်မိပါတော့သည်။